


# မောင်သာချို

# ပျားခြေရာလမ်း


ကဗျာများ


mgyee.com


mgyoe.com











ISBN9789997118684
MTC20
9 789997 118684
3,000.00KS

mgyoe.com

မျှားခြေရာလမ်း ကဗျာများ မောင်သာချို
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - တော်တီဆွေ
စာမျက်နှာ ၁၆၀+ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


❋ ပျားခြေရာလမ်းအမှာ က

၁။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း ၂
၂။ ခရီးသည် ၄
၃။ မှန်နဲ့ ပူစီ ၆
၄။ လျှောက်ဖို့ခက်တဲ့လမ်းကလေး ၈
၅။ မိုးလင်းရဲ့သူ ၁၁
၆။ အနှစ်တစ်ရာရဲ့ ကဗျာတစ်ပုဒ် ၁၄
၇။ အခန်းမဲ့ ၁၇
၈။ နွေနှင့်မိုးသို့ ကြိုးအညှို ၂၀
၉။ လော်တစ်တက်နှင့် ရွက်တစ်ထည် ၂၃
၁၀။ မပိုင်ပန်း ၂၆
၁၁။ နောက်ဆုံးလမ်းက ပန်းဦးတစ်ပွင့် ၂၇
၁၂။ နေရောင်ခြည်နှင့် ပတ်သက်၍ ၃၀
၁၃။ ခင်သက်ဆွေလမ်းခွဲ ၃၂
၁၄။ တစ်ခါက နှင်းဝေဝေဇာတ်လမ်း ၃၇
၁၅။ တံခါးမရှိတဲ့ အိမ်ကလေး ၅၇


mgyoe.com

mgyoe.com


၁၆။ အမေ့ရွာသို့ ၅၉
၁၇။ လူ ၆၁
၁၈။ အရိပ် ၆၂
၁၉။ လောကမြစ်ဝှမ်းကိုဖြတ်သန်းခြင်း ၆၃
၂၀။ ကုတို့မှူး ၆၄
၂၁။ လွမ်းစရာ တိုက်ပုံလေး တစ်ထည် ၆၆
၂၂။ ဖြူစင်သော မိုးစက်ရေပေါက်များ ၆၉
၂၃။ မရှိခြင်းများ ၇၀
၂၄။ မင်းရယ် ကိုယ်ရယ် ဓာတ်ခုံရယ် ၇၁
၂၅။ နှလုံးသားသို့ ဓာတ်ကြိုးတစ်ချောင်း ၇၃
၂၆။ အလွမ်းကိုယ့်ကိုပေး ၇၅
၂၇။ ငါ့ကွမ်းခြံကုန်း ၇၇
၂၈။ တောနှင့် တောင်နှင့် ၈၀
၂၉။ တက္ကသိုလ် အယ်လ်ဘမ် ၈၃
၃၀။ သီချင်းများရဲ့ ဒုက္ခ ၈၆
၃၁။ ဦးဖွ ၈၉
၃၂။ ကိုဘအေးရဲ့ ဆေးလိပ်ခွက် ၉၂
၃၃။ ပဒဲကောသို့ နာမဝိသေသနများ ၉၅
၃၄။ ဖမ္မွအေးရုပ်ရှင်ရုံထဲက
အညတရ ဘဝရုပ်ပုံကားချပ်များ ၁၀၀
၃၅။ ငွေနှစ်ဆယ် မငွေရီနဲ့ ယောက်ျားလေးယောက် ၁၀၇
၃၆။ ကျွန်တော်နဲ့ ဒိုင်ယာရီကလေးတွေ ၁၁၁
၃၇။ ထဘီတိုတို မြစ်ဝှမ်းလွင်ပြင် ၁၁၅
၃၈။ ပျဉ်းမနားည ၁၁၈
၃၉။ လဲနေတဲ့သစ်ပင် ၁၂၂
၄၀။ သံလွင်ထဲမှာ ရေတွေအများကြီး စီးဆင်းသွား ၁၂၄
၄၁။ ငါဘယ်တော့မှထွက်မပြေးဘူး ၁၃၃


mgyoe.com

mgyoe.com


၄၂။ ဒေါသများ ၁၃၆

၄၃။ ပျားခြေရာလမ်း ၁၄၀

၄၄။ ပြန်ချိန် ၁၄၂

၄၅။ နောက်ဆုံးခံတပ် ၁၄၄

၄၆။ ကျန်စစ်သား ငါ့ကို မခိုးဘူး ၁၄၆

၄၇။ အဂ္ဂါနေ့မှာ မွေးခဲ့တယ် ၁၄၉

၄၈။ ဖွတ်ကျားလမ်း ၁၅၂

၄၉။ ညောင်ညိုရိပ် ၁၅၄

၅၀။ ဇာတ်လမ်း ၁၅၅

- မောင်သာချို၏ ထုတ်ဝေပြီး စာအုပ်များ ၁၅၆

- ဂျက်ကွမ်းခြံကုန်း အမည်ဖြင့် ထုတ်ဝေပြီး စာအုပ်များ ၁၅၉


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ပျားခြေရာလမ်း အမှာ

**တစ်**

ကျွန်တော့် ပထမဦးဆုံး ပုံနှိပ်စာမူက ကဗျာဖြစ်ပါသည်။ ၁၉၇၃ ခု၊ ဒီဇင်ဘာလထုတ် သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၌ ဖော်ပြခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ကျွန်တော်သည် ကိုးတန်းကျောင်းသားတစ်ယောက်။ ရယ်ရွှင်ဖွယ်ရာကဗျာပုဒ်ဟုသာ အမှတ်ရတော့ပြီး ကဗျာကို အလွတ်မရတော့။ မှတ်စုစာအုပ်ထဲ၌မူ "ခေတ်သစ်မေတ္တာ"ဆိုသည့် ကဗျာခေါင်းစဉ်ကလေးသာ အထောက်အထားအဖြစ် ကျန်ရစ်ပါသည်။ ကဗျာကောင်းတစ်ပုဒ် မဟုတ်ခဲ့သည်မှာကား သေချာလှပါ၏။

နောက်တော့ ကျွန်တော်ကဗျာတွေ ဆက်တိုက်ရေးဖြစ်ပါသည်။ အပုဒ် ၁၀၀ ကျော်ကျော်ရေးအပြီး ၁၉၉၇ ခုနှစ်၊ ဧပြီလ ကလျာမဂ္ဂဇင်းတွင် "ပြန်ချိန်"ဟူသည့် ကဗျာကို ရေးပြီးနောက်တွင်မူ ကျွန်တော်ကဗျာမရေးဖြစ်တော့။ ဘာ့ကြောင့်မှန်းမသိ။ သူ့အလိုလို ဆွံ့အ ခန်းခြောက်ကာ ရပ်တန့်သွားခဲ့ခြင်းဖြစ်ပါသည်။ နှစ်ပေါင်း အစိတ် ဝန်းကျင်ရေးခဲ့ရာက ရပ်တန့်သွားရသည့်အဖြစ်။ သို့ဖြင့် ထပ်၍ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီးပြန်သည့်အခါ ၂၀၁၉ ထဲ၌ ကဗျာပြန်ရေးချင်လာပြန်ပါသည်။

mgyoe.com

mgyoe.com



## နှစ်

မြန်မာကဗျာလောကသည် ခေတ်ကာလကြီး မည်မျှမှောင်ကြီးကျသည်ဖြစ်စေ၊ အသက်ရှင်ရပ်တည်ဖို့ မည်မျှဘေးကျပ်နံကျပ် အခြေအနေသို့ ဆိုက်ရောက်သည်ဖြစ်စေ ကဗျာဆရာများ ကဗျာဗေဒ အကဲခတ်အကဲဖြတ်သူပညာရှင်များ၏ ကြံ့ကြံ့ခံကာ ပြုစုပျိုးထောင်မှုဖြင့် တရိပ်ရိပ်ရှင်သန်ဝေစည်မြဲ ဝေစည်လျက်ရှိပါသည်။

တစ်ခါတစ်ခါ ကဗျာလောကကို လှမ်းမျှော်ကြည့်ကာ လိုက်၍မှလက်လှမ်းမီပါ့ဦးမလားဟု စိတ်အားငယ်မိသည်မှာလည်း အကြိမ်ကြိမ်အခါခါပင် ဖြစ်ပါသည်။

ငါကဗျာကို အမှန်တကယ်မှ တွေ့ရှိခဲ့တာ ဟုတ်ရဲ့လားဟု စဉ်းစားရင်း ဆရာဒဂုန်တာရာကို သတိရပါသည်။ ဆရာက "__ကဗျာကိုတွေ့ရှိခြင်း__" ဟူသည့် ဆောင်းပါးတွင် "__အစက ကျွန်တော်သည် ကဗျာ မတွေ့ရှိ။ ကာရန်ကိုသာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။__" ဟု သူ့ကိုယ်သူ ပြန်ကြည့်ခဲ့ဖူးသည် မဟုတ်လား။ ကျွန်တော်ရေးခဲ့သမျှတို့သည် ကဗျာမှ ဟုတ်ပါလေစ။ ကာရန်တွေ များလား။ မသေချာတော့။

## သုံး

ယခု စာအုပ်အတွက် ကဗျာများကို စုစည်းရသည်မှာ နည်းနည်းကလေး ခက်ပါသည်။

"__ဇာတ်ပျက်တဲ့ည__" (၁၉၈၅၊ ဇွန်၊ စံပယ်ဖြူ)၊ "__သို့...ရန်ကုန်မြို့ဖတ်ရှုရန်__" (၁၉၈၆၊ မေ၊ ရုပ်ရှင်အောင်လံ)၊ "__၃၃ လမ်း/၈၆__" (၁၉၈၆၊ ဒီဇင်ဘာ၊ ရုပ်ရှင်မျက်မှန်)၊ "__ဝက်ပါပွဲတော်__" (၁၉၉၅၊ သရဖူ၊ အမှတ် ၁၃) စသည့်ကဗျာများ စာပေစိစစ်ရေးက ဆုတ်ဖြဲပစ်ခဲ့ရာ ပြန်ရှာမရတော့။

"__ငါ့ကွမ်းခြံကုန်း__" ကဗျာကို ၁၉၉၀၊ ဇူလိုင်၊ ရုပ်ရှင်တေးကဗျာတွင် ဆုတ်ဖြဲပစ်ခဲ့ပြီး ၁၉၉၁၊ ဖေဖော်ဝါရီ၊ ချယ်ရီ၌ ပြန်လည်ခွင့်ပြုပါသည်။ "__ပျားခြေရာလမ်း__" ကဗျာကို ၁၉၉၁၊ ဖေဖော်ဝါရီ၊ ပေဖူးလွှာ၌ ဆုတ်ဖြဲပစ်ခဲ့ပြီး ၁၉၉၃၊ မတ်၊ မြားနတ်မောင်၌ ပြန်လည်ခွင့်ပြုပါသည်။ ဘာ့ကြောင့်ဟု

mgyoe.com

mgyoe.com



နားမလည်နိုင်ခဲ့ပါ။

"အင်္ဂါနေ့မှာ မွေးခဲ့တယ်" (၁၉၉၁၊ ဖေဖော်ဝါရီ၊ ပေဖူးလွှာ)၊ "ဖွတ်ကျားလမ်း" (၁၉၉၁၊ ပိတောက်ပွင့်သစ်)၊ "ကျွန်စစ်သား ငါ့ကို မခိုးဘူး" (၁၉၉၁၊ ပိတောက်ပွင့်သစ်) တို့ကို စာပေစိစစ်ရေးက ခွင့်မပြုခဲ့သော်လည်း ပန်းချီကိုထိန်လင်း၏ "ABSDF မြောက်ပိုင်းကျောင်းသားအရေးအခင်း" ကဲ့သို့စာအုပ်များတွင် ဖော်ပြပေးထားသည့်အတွက် ပြန်လည်ရရှိပါသည်။

တစ်ဝက်ဖြုတ်၊ တစ်ပိုဒ်ဖြုတ် ကဗျာများနှင့် ရှာမရသည့် ကဗျာများကို လောလောဆယ် ချန်လှပ်ကာ ယခုကဗျာစုကို စုစည်းပါသည်။ လက်ရွေးစင်မဟုတ်ပါ။ လက်လှမ်းမီရာမျှ ဖြစ်ပါသည်။

ရှေ့တွင် ရောက်နှင့်နေသူတို့က တစ်လုံး၊ တစ်ပါဒ၊ တစ်ချိုး၊ တစ်ပိုဒ် မျှကြိုက်သည်ဟု ဆိုလျှင်ပင် စုစည်းတင်ဆက်ရကျိုး နပ်လှပါပြီ။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်/နေပြည်တော်)နှင့် စိတ်ကူးချိုချို စာအုပ်တိုက်တို့ကို ကျေးဇူးမော်ကွန်းရေးထိုးလိုက်ပါသည်။

မောင်သာချို
ရန်ကုန်မြို့

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမေနဲ့ ရန်ကုန်တက္ကသိုလ်သို့

mgyoe.com

mgyoe.com



# ကိုယ်စိုင်ရာ:
# အဆွပြုဆိုကျင်:

mgyoe.com

mgyoe.com



# ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း

အယ်ဒီတာဆိုတာ
အနုပညာရဲ့သင်္ချိုင်း။


ကျောင်းဆရာ ဆိုတာက
အသိပညာရဲ့သင်္ချိုင်း။

အိမ်ထောင်ရေးဆိုတာကျတော့
ချစ်ခြင်းမေတ္တာရဲ့သင်္ချိုင်း။

အသေစောလို့တဲ့
တချို့...
ငါ့ကို နှမြောကြတယ်။ ။

ပေဖူးလွှာ၊
ဒီဇင်ဘာ၊ ၁၉၉၁။

mgyoe.com



ခရီးသည်

mgyoe.com

mgyoe.com



# ခရီးသည်

ဂျုံးဂျုံးဂျက် ဂျုံးဂျုံးဂျက်
ပိုးနားသန်ကောင် ခရီးထွက်
မီးရထားကြီး ဂျုံးဂျုံးဂျက်
တောကိုဝင်လို့ တောင်ကိုတက်။


ငန်းဖြူငန်းနက် ခရီးစဉ်
ကမ်းကခွာလို့ အသော့နှင်။
ရေပြင်ပေါ်မှာ ရွှေ့ရွှေ့သွား
ဂူးဂူးဂေါ်ဂေါ် သင်္ဘောများ။

မိုးတိမ်ကြားမှာ ဝဲလို့ပျံ
တောင်ပံကားနဲ့ လေယာဉ်ပျံ။
မြန်မယ်ဆို လိုက်ချင်သား
ရွှေစွန်ညိုကြီးများ။

Junion
စက်တင်ဘာ၊ ၂၀၁၂။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## မှန်နဲ့ ပူစီ


ဟောဟိုဘက်က ဖိုးရွှေကြောင်
ငါ့လိုအမြီးထောင်။
ဟိုဘက်ကကောင် ပူစီလေး
ငါ့လိုနှုတ်ခမ်းမွေး။
ငါ့အမွေးက ဝင်းရွှေဝါ
သူလည်းဝင်းရွှေဝါ။
ပြားပြားဝပ်ကာ ငါကချောင်း
သူက ငါ့ပြန်ချောင်း။
ခေါင်းချင်းဆိုင်လို့ကြည့်လိုက်ရာ
သူလည်းငါ့မျက်နှာ။
လက်သည်းထုတ်ကာ သူ့ကိုခြစ်
သူက ငါ့ပြန်ခြစ်
ဗျစ်ဗျစ်... ဗျစ်ဗျစ်...။

Junion

ဇန်နဝါရီ၊ ၂၀၁၂။

mgyoe.com

mgyoe.com



# ပျောက်ဆုံးခဲ့တဲ့ လမ်းကလေး

mgyoe.com

mgyoe.com



## လျှောက်ဖို့ခက်တဲ့ လမ်းကလေး

တစ်ပွင့်ရိုင်း၍
တစ်ကိုင်းလုံးချိုး၊ အဖြစ်မျိုးမှာ
ရိုးသောပန်းတို့ ကြွေဖူးပြီ။

တစ်ခွက်ခါး၍၊ တစ်စားပွဲလုံး
သိမ်းကျုံးရက်စက်၊ သွန်သောလက်မှာ
ပျားရည်ခွက်တို့လည်း မှောက်ဖူး၏။

တစ်လုံးမှား၍
အားလုံးဆုတ်ဖြဲ၊ စာအိတ်ထဲက
စူးရှလှပ၊ ဝါကျလန်းစွင့်
ဖတ်ခွင့်မရ ရှိဖူးပြီ။

mgyoe.com

mgyoe.com


အချစ် မပါ
မေတ္တာ အငှား
မှသား ခြေထောက်
ဖြတ်လျှောက်ခံရ
လမ်းမ အိုဟောင်း ချစ်သူရေ။

ထာဝရကို
သံသယနှင့်၊ ပြင်းခွင့်ရဲတင်း
စိတ်လမ်း ကျဉ်းမြောင်းခဲ့ပြီမို့။

လာခြင်းကောင်းလျက်
ကိုယ်ပါ အလျှောက်ခက်ခဲ့ရပါပြီ။ ။

လုံမလေး၊
ဇန်နဝါရီ၊ ၁၉၈၇။

mgyoe.com

mgyoe.com




## မိုးလင်းရဲသူ

မျှောချင်ရာမျှော၊ ထိုသဘောနှင့်
လာသောလှေလည်း ကိုယ်မဟုတ်။
အိပ်ချင်သူအိပ်၊ ထိုရေဆိပ်၌
အတိတ်အရုပ်အထွေး ရှိနိုင်သည်။
ခူးချင်သူခူး၊ ထိုစိတ်ကူးနှင့်
ဖူးသောပန်းလည်း ကိုယ်မဟုတ်။
ဆင်ချင်ရာဆင်၊ ထိုဆံပင်၌
သံယောဇဉ်အရုပ်အထွေး ရှိနိုင်သည်။
နင်းချင်သူနင်း၊ ထိုစိတ်ရင်းနှင့်
ခင်းသောလမ်းလည်း ကိုယ်မဟုတ်။
လာချင်သူလာ၊ ထိုမြေလွှာ၌
ခြေရာအရုပ်အထွေး ရှိနိုင်သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



နီးစပ်နေခြင်း၊ တိုက်ဆိုင်ခြင်းနှင့်
ညှံ့ဖျင်းရင်ခုန်၊ ကြုံရာနှင့်မွေ့
တွေ့ရာနှင့်ဖြစ်...
အချစ်လေလား၊ မပြတ်သားဘဲ
ကားလိပ်ဖွင့်တင်၊ သည်ဇာတ်စင်ရဲ့
ဇာတ်ဝင်ခန်းထဲမပါလို့။
နှလုံးသားချင်း
အရင်းအနှီး၊ ကြီးကြီးမားမား
ယုံစား ပေးအပ်၊ ဇာတ်လမ်းအထဲ
ဖြတ်သန်းရဲသူ၊ လူထာဝရ
မရမချင်း၊ မျှော်လင့်ခြင်းမှာ
မိုးလင်းချင်လည်း လင်းပါစေတော့။ ။

ပန်၊
ဇွန်၊ ၁၉၈၆။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# အနှစ်တစ်ရာရဲ့ ကဗျာတစ်ပုဒ်

နွမ်းလျအိမ်ပြန်
အင်းလျားကန်ဘေး
လွယ်အိတ်လေးချ
မှောင်ခါစ။

ပုန်းရင်းကွယ်ရင်း၊ သူငယ်ချင်းရဲ့
ကျဉ်းကျပ်မှောင်မည်း၊ အခန်းထဲမှာ
မိုးဖွဲ့ကြွေကျ၊ ထိုခဏ။

ပွဲ့ခင်းထဲမှ၊ ခဏထွက်ရင်း
အလင်းရောင်အောက်၊ ကွင်းရှောင်လျှောက်လျက်
ရောက်အောင်သွားကြ၊ နွေတစ်ည။

mgyoe.com

mgyoe.com


တိမ်ဆံမြိတ်ဘေး၊ လအကွေးမှာ
မွှေးမွှေးထုံထုံ၊ စံပယ်ရုံ၌
ဆုံကြတွေ့ကြ၊ ကျေးလက်ည။

တခြိမ်းခြိမ်းနှင့်
ချိန်းချိန်းတွေ့ရင်း၊ ချစ်ခြင်းမေတ္တာ
အမာရွတ်ထင်၊ မှန်ပြင်ကွဲအက်
အကြည့်ရခက်ခြင်း များစွာနှင့်။
ငယ်ကချစ်တော့
အနှစ်တစ်ရာ၊ မမေ့သာကို
ကဗျာဖွဲ့တတ်၊ တမ်းတတတ်လျှင်
နောက်လူအဖတ်ရ ခက်ပေလိမ့်။ ။

ကလျာ၊
မေ၊ ၁၉၈၇။

mgyoe.com

mgyoe.com




## အခန်းမဲ့

အရှက်များကြောင့်၊
စေ့ထားလေသလား၊
တံခါးတစ်ချပ်၊ ကိုယ်ထင်မှတ်၍
အထပ်ထပ်ခေါက်၊ တဒေါက်ဒေါက်နှင့်
ဝင်ခွင့်ပေးပါ၊ တောင်းခံလာတုန်း
အမုန်းများဖြင့်၊ ထွက်နှင်လင့်သော
ဧည့်ရှိနှင့်သည့် အခန်းမှလည်း
ပြန်ခဲ့ဖူးပြီ။

ဧည့်ရှိမှာပါ၊
ရှိမှာပါလေ၊
ရင်မှာတွက်ဆ၊ အခန်းဝကပဲ
ရှောင်လွှဲခဲ့ပေါ့၊ ကိုယ်ပြန်တော့မှ
လွဲပေါ့ကြိတ်ငို၊ တိတ်တိတ်ကြိုသည့်
ဝှက်သိုလွှန်းသော အခန်းနှင့်လည်း
လွဲခဲ့ဖူးပြီ။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



အတွေးခက် အမြင်ခက်၊
အဝင်ခက် အသွားခက်၊
သိုဝှက်ဆန်းပြား။ အခန်းများ၌
လမ်းမှားတတ်စွာ၊ ကိုယ်မလာတော့
လမ်းမပေါ်မှာပဲ ပျော်ပါရစေ။ ။

မဟောသီ၊
ဇန်နဝါရီ၊ ၁၉၈၈။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## နွေနှင့်မိုးသို့ ကြိုးအညို

ကြွေမယ်ဆိုလည်း
နွေထဲမှာလေ၊ နွေနေနေရင်း
နွေကြွေကလေးပဲ ကြွေချင်တယ်။

ငြိမ်းငြိမ်းချမ်းချမ်း
စိမ်းစိမ်းလန်းလန်းနှင့်။

မိုးတစွေစွေ၊ ကြိုးရှေရှေ(ရှည်ရှည်)နှင့်
တို့လေ မိုးကြွေကလေးတော့ မကြွေချင်ဘူးကွယ်။

ပွင့်မယ်ဆိုလည်း
မိုးထဲမှာ စွင့်၊ မိုးဝင့် ဝင့်ရင်း
မိုးပွင့်ကလေးပဲ ပွင့်ချင်တယ်။

ညှိုးညှိုး ခြောက်ခြောက်
စိုးစိုး ကြောက်ကြောက်နှင့်။

အရှည်သဖြင့်၊ မနေဝံ့တဲ့
တို့လေ နွေပွင့်ကလေးတော့ မပွင့်ချင်ဘူးကွယ်။

mgyoe.com

mgyoe.com


မင်းက ပင်စည်
ကိုယ်သည် ပန်းပွင့်၊ စသည်ဖြင့်။

မိုးမှာ သွားကြွေ
နွေမှာ သွားပွင့်၊ စသည်ဖြင့်။

မာန တစ်ခွဲသား
ကာလအလွဲအမှား များစွာနှင့်။

မသင့် မရာ
အခွင့်သာခဲ့လျှင်တော့
မပွင့်တာပဲ ကောင်းပါလိမ့်မယ် ခင်။ ။

ရှမဝ၊
မေ၊ ၁၉၈၅။

mgyoe.com

mgyoe.com



# လှော်တစ်တက်နှင့် ရွက်တစ်ထည်

တစ်ရွက်ကြွေ၍
သေသော သစ်ပင် မရှိပါ။

ငွေကြယ်တစ်လုံး၊ ပျက်ကြွေဆုံး၍
ညှိုးချုံးစွာပင်၊ မဲမှောင်ဆင်သော
ကောင်းကင်သည်လည်း မရှိပါ။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



တစ်ချစ်ဆုံး၍
အရှုံးကြီးဖြစ်၊ ထီးကျန်ရစ်က
ဟစ်ငိုရှိုက်လွမ်း၊ ကျွန်တော် နွမ်းမည်
မြန်းလှည့်ပါဦး၊ ကျွန်တော် ရူးမည်
ဒူးထောက် လက်မြှောက်၊ ကျနော်ရောက်မည်
တစ်ယောက်ကြွေပျက်၊ 'တစ်ထည်ရွက်'ဆို
'တက်'နှင့် လျော်လည်း၊ စုန်နိုင်မြဲမို့
လွမ်းခွဲလေးမှာ ကျွန်တော် မငို။ ။

ရှုမဝ၊
ဖွန်၊ ၁၉၈၀။

mgyoe.com

mgyoe.com


# မပိုင်ပန်း

ဝင်ရောက်ခိုနား၊ ပြန်ထွက်သွား၍
ကိုင်းဖျားဆတ်ခါ၊ ကျန်ခဲ့ရှာသည့်
ကဗျာတစ်ဖွဲ့
ကျွန်တော် ဖတ်ဖူးခဲ့ပါသည်။

တစ်ဖူးခရေ၊ ခူးခဲ့စေလျက်
ရွှေနှင်းဆီပွင့်၊ ပန်ဆင်ဝင့်သည့်
ရင်နင့်စရာ၊ ကဗျာတစ်ပိုဒ်
ကျွန်တော် ဖတ်ဖူးလိုက်ပါသည်။

မြကန်ရေဝယ်၊ ငွေလဆယ်၍
လ,ကွယ်ပျောက်၏၊ ရေနောက်ကျိဟု
နွမ်းရိစရာ၊ တေးကဗျာကို
ကျွန်တော် နာဖူးခဲ့ပါသည်။

သို့တိုင်လျက်
မပိုင်စွမ်း၏၊ ပိုင်စွမ်း၏ဟု
မသိနိုင်သော၊ ပန်းတို့တောမှ
ပန်းလှတစ်ပွင့်၊ ပိုင်ဆိုင်ခွင့်တွက်
ငံ့လင့်စောင့်စား၊ ကာလများပြီ
တခြားပန်းပွင့်၊ ရိုးညှာမြင့်က
ကြွေလင့်တာလည်း မသိလိုက်။ ။

ရှုမဝ၊
မတ်၊ ၁၉၈၁။

mgyoe.com

mgyoe.com




# နောက်ဆုံးလမ်းက ပန်းဦးတစ်ပွင့်

မခြွေလိုလည်း
ကြွေမယ်အသင့်၊ ပန်းတစ်ပွင့်မို့
ခြွေခွင့်ကြုံခိုက် ခြွေလိုက်သည်။
မနမ်းလိုလည်း
နွမ်းမယ်အသင့်၊ ပန်းတစ်ပွင့်မို့
နမ်းခွင့်ကြုံခိုက်၊ နမ်းလိုက်သည်။
မဆွတ်လိုလည်း
ညွတ်မယ်အသင့်၊ ပန်းတစ်ပွင့်မို့
ဆွတ်ခွင့်ကြုံခိုက် ဆွတ်လိုက်သည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com




နှလုံးသားနှင့်
စကားဆိုပြီး၊ ဆုံးဖြတ်ပြီးမှ
ယိုစီးမေတ္တာ၊ ရင်းခံကာဖြင့်
မာလာပွင့်ဦး ခူးစဉ်၌။
အတိတ်ကြောင်းသည်
ဟောင်းနွမ်းလွန်လျက်၊ မကျေပျက်နိုင်
'ပန်းဖျက်သမား'၊ ထိုစကားနှင့်
တံခါးမဖွင့်၊ ခူးခွင့်မပေး
ချူရေးမဖြစ်၊ လွမ်းနွံနစ်၏။ ။

ရှုမဝ၊
ဇွန်၊ ၁၉၈၁။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## နေရောင်ခြည်နှင့် ပတ်သက်၍

နေခြည်ဦးဖြင့်
အဖူး သစ်ခဲ့ရပါသည်။
နေဆာလှုံ၍
အငုံ ရင့်ခဲ့ရပါသည်။
နေရောင်ဆင့်၍
အပွင့် လန်းခဲ့ရပါသည်။
နေကိုယုံ၍
ဖူးငုံလန်းစွင့်၊ ပန်းတစ်ပွင့်လေ
ရွှန်းတင့်မဆုံး၊ ပျော်မဆုံးခင်
အပြုံးပျောက်ကာ၊ နေရောင်မှာပင်
ညှိုးကာ ကြွေလွင့်ခဲ့ပါသတည်း။ ။

ရှမဝ၊
မေ၊ ၁၉၈၀။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## ခင်သက်ဆွေလမ်းခွဲ

"အာရှမောင်"ဟာ
ညောင်ပင်လေးဆိပ်ကမ်း
စဥ့်အိုးတန်းက
လမ်းခွဲထွက်ဖို့ ပြင်ဆင်နေပါပြီ။

ခင်သက်ဆွေ ... တဲ့
မျက်ရည်သည်မလေး တစ်ဦးပါပဲ။

ကျွန်ုပ်သည်လည်း
ရင်ထဲစူးရှ ပြောမပြတော့
သောကနဲ့ဆိုရင် လုံလောက်ပါပြီ။

ခင်သက်ဆွေမှာ
ပညာမရှိ။

ကျွန်ုပ်ဆီမှာ
ဥစ္စာမရှိ။

အသိုင်းအဝိုင်း၊ ထိုအပိုင်းနှင့်
တံတိုင်းကာစရာလည်း ဂုဏ်မရှိ။

mgyoe.com

mgyoe.com


မရှိခြင်းနှင့်
ခင်းကျင်းပြင်ဆင်၊ သည်ဇာတ်စင်မှာ
သိင်္ဂါရကို၊ ဖွဲ့စပ်ဆိုလျက်
အို .....
ရခဲ့သည်က ကရုဏာရသ။

သည်လိုနဲ့ပဲ၊ လက်တွဲဖြုတ်ကြ
ဘဝအရေး၊ ဆွေးနွေးတွေးဆ
ဝေး...ဝေး...ဝေးကြရပေဦးတော့မည်။

ကဗျာခါးခါး၊ စာခါးခါးနဲ့
ငါကားကျန်ရစ်၊ ရန်ကုန်မြစ်၌
ကူးရစ် လှော်ရစ် ရပေဦးတော့မည်။

မယားတစ်ယောက်၊ လူလားမြောက်ဖို့
ဆောက်တည်နိုင်ရေး၊ ဘဝကြွေးကို
ချွေးဖြင့်ဆပ်ရပေဦးမည်။

အို...ခင်သက်ဆွေ
ရေစီးကြမ်းတမ်း၊ တိုးမြစ်ဝှမ်းကို
ဖြတ်သန်းလွန်မြောက်ပါလေတော့။

မြောင်းမြအပါး
စကမြားကို
ကျော်လွှားလွန်မြောက်ပါလေတော့။

mgyoe.com

mgyoe.com



ရွှေးမြစ်ကြောင်းမှာ
မောင်ဒေါင်း
မြေနု
နှင်းလှဖြူ(ရက္ခိုင်)
အခိုင်အမာ၊ ကဗျာကိုချစ်
စာကို ချစ်သတဲ့
ချစ်သော အောင်ဝေး
ရေးဖွဲ့သီစပ်
ရန်ကုန်အရပ်မှ
ငတ်ပြတ်ဆုတ်ခွာ
ရွှေပြည်သာ...တဲ့
ရွာကို နှုတ်ဆက်ပါလေတော့။

ပြင်ရွာကိုပတ်၊ ကြာကန်ဖြတ်လျက်
လပွတ္တာတွင်၊ မိဘရင်၌
ခိုဝင်မှေးစက်၊ မျှော်လင့်ချက်ဖြင့်
အသက်ရှင်သန်ပါလေတော့။

mgyoe.com

mgyoe.com


အို...“အာရှမောင်”
လူ့ဘောင်လောက၊ ဘဝကိုယ်စီ
လှုပြီဆိုမှ၊ ထိုသူမကို
သယ်မ ခေါ်ဆောင်ခဲ့ပါတော့။

လူစီးကုန်လှောင်၊ အာရှမောင်ကား
ကုန်းပေါင်လည်းဆုတ်၊ ကြိုးလည်းဖြုတ်ပေါ့
ဥသြကိုဆွဲ၊ ရေကိုခွဲပြီ
ကြေကွဲမှုသည် တံခွန်ထူလျက်။ ။

ငါ့ကိုဇန်နဝါရီပြန်ပေး၊
ဖေဖော်ဝါရီ၊ ၁၉၈၅။
လူထုပုံရိပ်
အတွဲ (၄)၊ အမှတ် (၁၄)၊ ဒီဇင်ဘာ၊ ၂၀၁၅။

mgyoe.com

mgyoe.com



# တစ်ခါက နှင်းဝေဝေဇာတ်လမ်း

<u>စိမ်းလန်းရေးည</u>
ငြိမ်းချမ်းအေးမြတဲ့
စိမ်းလန်းရေးညပေါ့ ဇင်မာသီ။

လတစ်ခြမ်းကတော့
အလွမ်းညထဲ၊ ရဲရဲခုန်ချ
သစ်ပုပ်ပင်ရိပ်၊ သွားချိတ်နေမှ
ညဟာ ဝင်းပလာတော့တယ်ကွယ်။

အင်းလျားဘက်က
ပြန်လာပုံရတဲ့
ညှင်းမြမြလေမှာ
ကဲ့ကော်တွေဟာ
ကခုန်လို့လာခဲ့ကြပြီ။

မိုးလည်းကြည်လင်လို့
မြေပြင်လည်းငြိမ်းချမ်းပြီ
ဇင်မာသီ။

mgyoe.com

mgyoe.com

# မိုးလင်းရေးည



mgyoe.com

mgyoe.com



စိန်ပန်းနီတွေ
ကြွေတဲ့ညမှာ
ကိုယ်ပြန်လာပြီ။

ဂစ်တာတစ်လက်နဲ့
အိပ်ပျက်ရှည်လျား
သီချင်းများရဲ့ညမှာ
ကိုယ်ပြန်လာပြီ။

မာကျူရီည
ခုန်ချဆင်းလာ
သဘော်မယ်ဇလီတွေနဲ့
အဓိပတိတစ်ခုလုံး အဝါ
အဲသည်ညမှာ
ကိုယ်ပြန်လာပြီ။

တောင်ပိန္နဲတွေ
လေတရှုံရှုံနဲ့
ကြွေရဲ့ညမှာ
ကိုယ်ပြန်လာပြီ။

ရင်ထဲဆွတ်ကျင်၊ ဇင်မာသီည
အိပ်မရတော့၊ စိတ္တဇမှာ
ကိုယ်ပြန်လာခဲ့ရပါပြီ။

mgyoe.com

mgyoe.com


<u>ကံ့ကော်ပွင့်ရာ၊ ငုဝါပွင့်ရာ၊ စိန်ပန်းပွင့်ရာ</u>
မလွမ်းရတော့ဘူးလား
ဇဝနရဲ့ကောလိပ်ကျောင်းသား
ကိုအောင်ပြည့်ရဲ့မြို့မှာလေလား
သိန်းဖေမြင့်ရဲ့သပိတ်မှောက်ကျောင်းသား။

မောင်သာရရဲ့ကျည်တုပ်ခံ့ဝံ့ မခံ့ဝံ့
မောင်သိန်းလွင်ရဲ့မစန်းစန်းဝင့်။

မောင်ဝဏ္ဏရဲ့ပန်းတွေနဲ့ဝေ
မြတ်လေးရဲ့
ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ။

နတ်နွယ်ရဲ့အပြာနဲ့အဝါ
ဗန်းမော်တင်အောင်ရဲ့
ဘုန်းမောင်တစ်ယောက်တည်းရယ်ထဲမှာ
ဒီကောင် လျှောက်လုမ်းလာခဲ့မယ်လေ။

တက္ကသိုလ်တဲ့
နွေးဖိုရှိန်းမြ၊ အလှခေတ်ဦး
စိတ်ကူးစိတ်သန်းတို့
စိမ်းလန်းခဲ့ရာ
ငြိမ်းချမ်းလှဲ့ပြာ
ကဗျာရှည်ကြီးပဲမဟုတ်လား ဇင်မာသီ။

mgyoe.com

mgyoe.com



အဲသည်မှာပေါ့
ဇင်မာသီရဲ့ဘဝတစ်ခြမ်းကို
အလွမ်းတစ်ဝက်နဲ့
ရှမ္မက်ကြီးစွာ
စောင့်ခဲ့သူက ဒီကောင်ပါ။

နှင်းထူထူ
မြူကဲကဲ
ရေဆေးအပျော့နဲ့ ရေးကာဆွဲ
အဲသည်ပန်းချီကားချပ်ထဲ
မင်းတို့ကိုယ်တို့ဘဝတွေပဲ။

စင်ပေါ်ကလူ
ကျုံးကြီးလမ်းရဲ့
အခန်းထဲမှာ
ချစ်သူဖြတ်သန်းလာမယ်လေ။

ကျကျနန စိမ်းစိမ်းလန်းလန်း
လှလှပပ ငြိမ်းငြိမ်းချမ်းချမ်း။

ကတ္တီပါဖိနပ်စီးလို့
ရွှေထီးဆောင်းခဲ့ကြ
ရွှေဖိနပ်ကို
ရှုပ်တိုက်လို့စီးခဲ့ကြ
တယောချိတ်ထားတဲ့အခန်းထဲက
လှမ်းကြွလို့ ဆင်းလာတတ်သူဟာ
ကိုယ့်ဇင်မာသီ ပါ။

mgyoe.com